# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ဝါရင့်နိုင်ငံရေးသမားကြီးများထံသို့ ပန်ကြားအကြံပြုချက်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က "သက်ဆိုင်ရာမဲရုံများသို့ မပျက်မကွက်သွားရောက်ပြီး ကန့်ကွက်မဲကို ကြက်ခြေခတ်၍ ရဲရဲရင့်ရင့်ပေးကြရမည်။ (နအဖ)စစ်အစိုးရ၏ လိမ်ညာလှည့်ဖျားမှု၊ ညစ်ပတ်ကောက်ကျစ်မှု၊ အမျိုးမျိုးသော ဖိနှိပ်အကြမ်းဖက်မှုများကို မိမိတို့သက်ဆိုင်ရာနယ်မြေများတွင် လေ့လာစောင့်ကြည့် ဖော်ထုတ်ကြရမည်"ဟု ဆုံးဖြတ်ကြေညာခဲ့ပါပြီ။

၂။ (နအဖ)စစ်အစိုးရဘက်ကလည်း "အပလီတစ်သိန်း အပလိန်းအနန္တ"ဆိုသော စကားကဲ့သို့ ညစ်ပတ်ကောက်ကျစ်မှုမျိုးစုံ၊ လိမ်ညာမှုမျိုးစုံဖြင့် ဖိနှိပ်အကြမ်းဖက်မည်ဆိုသည်မှာလည်း အလွန်ထင်ရှားလှပါသည်။ ယခုပင်လျှင် သူတို့၏ ညစ်ပတ်လိမ်ညာဖိနှိပ်မှုများကို ကျွန်တော်တို့ကြားသိနေရပါသည်။

- သက်ဆိုင်ရာစစ်တိုင်းမှူးများ၊ ဒကစမှူးများက အပစ်ရပ်အဖွဲ့များအား ထောက်ခံမဲပေးရန် ဖိအားပေးနေခြင်း။
- လဝကနှင့်ကြံ့ဖွံ့အဖွဲ့ဝင်များပူးပေါင်း၍ ယာယီမှတ်ပုံတင်များ ထုတ်ပေးနေခြင်း၊ လူတစ်ယောက်တည်းက အကြိမ်ကြိမ်မဲပေးနိုင်ရန် ဆောင်ရွက်နေခြင်း။
- ကြံ့ဖွံ့အဖွဲ့ဝင်များက ကျေးလက်တောရွာများတွင် "စစ်အစိုးရကိုမလိုလားလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံမဲပေးကြ" ဟူ၍ လိမ်ညာမှိုင်းတိုက်နေခြင်း။
- စစ်တပ်အတွင်း ဆန္ဒခံယူပွဲမဲပေးရာတွင် အရာရှိများအတွက် သီးသန့်မဲပုံးတစ်ပုံး၊ အရာရှိကတော်များအတွက်တစ်ပုံး၊ အခြားအဆင့် အကြပ်တပ်သားများအတွက်တစ်ပုံး၊ ၎င်းတို့၏ဇနီးမယားများအတွက်တစ်ပုံး အသီးသီးထားရှိပြီး မဲပေးကြရမည်ဟု ကြားသိရပါသည်။ ဤသည်မှာ တပ်မတော်သားအများစုက ကန့်ကွက်မဲမပေးရဲအောင်၊ မိမိတို့၏စစ်မှန်သောဆန္ဒကို မထုတ်ဖော်ရဲအောင် ခြိမ်းခြောက်ခြင်းသာဖြစ်ပါသည်။ ဤလုပ်ရပ်မှာ (နအဖ)က လက်ရှိထုတ်ပြန်ထားသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့်ပင် ကိုက်ညီမှုမရှိခြင်း။
- ကြံ့ဖွံ့ဗဟိုဌာနချုပ်မှ စစ်ဗိုလ်ချုပ်များ၊ ဝန်ကြီးများ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများမှနေ၍ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကြံ့ဖွံ့ ဥက္ကဋ္ဌများမှတဆင့် ငွေထုတ်ချေးမှုများပြုလုပ်နေခြင်းဖြစ်ပါသည်။ ငွေချေးပုံချေးနည်းမှာ တစ်အိမ်ထောင်လျှင် ကျပ်သုံးသောင်း ထုတ်ချေးခြင်းဖြစ်ပြီး မိသားစုသုံးဦးရှိလျှင် ကျပ်တစ်သောင်းခွဲသာ ပြန်ဆပ်ရမည်။ လေးဦးရှိလျှင် ကျပ်တစ်သောင်းပဲပြန်ဆပ်ရမည်။ ငါးဦးရှိလျှင်ကျပ်ငါးထောင်သာ ပြန်ဆပ်ရမည်။ ပြန်ဆပ်ရမည့် ကာလသတ်မှတ်ချက်လည်းမရှိ။ အတိုးလည်းမရှိချေ။ ယင်းသို့ချေးငွေများချပေးနိုင်ရန် ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဦးအောင်သောင်းတို့က လွန်ခဲ့သော မတ်လဆန်းတွင် ကျပ်ငွေ (၄၉)ဘီလီလျံ ထုတ်ယူသွားသည်ဟု ကြားသိရခြင်း။ ဤသည်မှာ ထောက်ခံမဲများကို ဝယ်ယူနေသည့် နည်းလမ်းတစ်မျိုးသာဖြစ်ပါသည်။

အထက်ပါအချက်များမှာ ကျွန်တော်တို့လက်လှမ်းမီသလောက် ကြားသိရသည့်အထဲမှ အချို့သာဖြစ်ပါသည်။ အခြားသော နည်းလမ်းပေါင်းစုံဖြင့် ညစ်ပတ်မှု၊ လိမ်ညာမှု၊ ဖိနှိပ်အကြမ်းဖက်မှုမျိုးစုံ ရှိပါလိမ့်ဦးမည်။ ပေါ်ထွက်လာပါလိမ့်ဦးမည်။

၃။ (နအဖ)စစ်အစိုးရသည် သူ့အကြောင်းသူသိသူပီပီ ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ နိုင်ငံတကာလေ့လာ စောင့်ကြည့်သူများကိုလည်း လက်မခံဝံ့သလို ကမ္ဘာ့ကုလသမဂ္ဂ၏ အဆိုပြုကမ်းလှမ်းချက်မှန်သမျှကိုလည်း ရိုင်းစိုင်း မောက်မာစွာ ပယ်ချထားခဲ့ပြီးလည်းဖြစ်ပါသည်။

၄။ ယင်းသို့သော အခြေအနေအောက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကာလအတွင်း (နအဖ)စစ်အစိုးရနှင့် သူ၏လက်ကိုင်ဒုတ်များ၏ လိမ်ညာလုပ်ဖျားမှု၊ ညစ်ပတ်ကောက်ကျစ်မှု၊ ဖိနှိပ်အကြမ်းဖက်မှုများကို တိုင်းပြည်နှင့် နိုင်ငံတကာက မျက်ဝါးထင်ထင် ဖော်ထုတ်သိရှိနိုင်ရန်အတွက် "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ" ဖွဲ့စည်းဆောင်ရွက်ထားရှိရန်လိုအပ်ပါသည်။

၅။ ထိုသို့သော လေ့လာစောင့်ကြည့်ရေးအဖွဲ့ကို သမာသမတ်ရှိသော၊ ဂုဏ်သိက္ခာရှိသော၊ သမိုင်းအစဉ်အလာရှိသော၊ တိုင်းပြည်နှင့်လူထုက လေးစားကြည်ညိုသော ပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများက ပြည်သူများရှေ့မှ မားမားမတ်မတ်ရပ်တည်၍ ဦးဆောင်ဖွဲ့စည်းနိုင်ကြမည်ဆိုလျှင် အကောင်းမွန်ဆုံးဖြစ်မည်ဟု ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်ယူဆပါသည်။ သို့ပါ၍ ဝါရင့်နိုင်ငံရေးသမားကြီးများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းပေးပါရန် လေးစားစွာ ပန်ကြားအကြံပြုအပ်ပါသည်။

၆။ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများ၊ လှုပ်ရှားတက်ကြွသူများကလည်း မိမိတို့ကြုံတွေ့ရင်ဆိုင်ရသည့် မတရားမှု၊ မမျှတမှု၊ ဖိနှိပ်အကြမ်းဖက်မှု အခြေအနေအချက်အလက်များကို အထက်ပါပြည်လုံးကျွတ်ဆန္ဒခံယူပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ အချိန်မီပေးပို့သွားကြပါရန်နှင့်တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ ဧပြီလ ၃ ရက်။